**Australian Government**
**Immigration Assessment Authority**

လူဝင်မှု စိစစ်ရေး အာဏာပိုင် [**Immigration Assessment Authority**] အကြောင်း သင် သိရန်လိုသည့် အရာ

## IAA သည် ဘာလုပ်ပါသလဲ။

လူဝင်မှု စိစစ်ရေး အာဏာပိုင် (IAA) ကို ပြောင်းရွှေ့အခြေချရေးအက်ဥပဒေ [Migration Act 1958 (the Act)] အရ တည်ထောင်ထားသည်။ ကျွန်ုပ်တို့သည် သီးခြားလွတ်လပ်သော အဖွဲ့အစည်းတစ်ရပ်ဖြစ်ပြီး လူဝင်မှု ကြီးကြပ်ရေးနှင့် နယ်ခြားကာကွယ်ရေးဝန်ကြီး (ဝန်ကြီး) က ချမှတ်သော အချို့ဆုံးဖြတ်ချက်များကို မြန်ဆန်သောနည်းဖြင့် ပြန်လည်သုံးသပ်မှု (fast-track reviews) လုပ်ပေးရန် အာဏာရှိသည်။ ဤဆုံးဖြတ်ချက်များမှာ ဝန်ကြီးက မြန်ဆန်လမ်းကြောင်းအရလျှောက်ထားသူများ (Fast Track Applicants) အဖြစ် လူသိများသောသူများ၏ အကာအကွယ်ပေးမှု ဗီဇာကို ခွင့်ပြုရန် ငြင်းပယ်ခဲ့သော ဆုံးဖြတ်ချက်များဖြစ်သည်။ အကယ်၍ သင် 2012 ခု ဩဂုတ်လ 13 ရက် သို့မဟုတ် ၎င်းရက်နောက်ပိုင်း သို့သော် 2014 ခု ဇန်နဝါရီလ 1 ရက်နေ့မတိုင်မီ တရားဝင် ဗီဇာတစ်ခု မရှိပဲ လှေဖြင့် ဩစတြေးလျနိုင်ငံသို့ ရောက်ရှိခဲ့ပြီး သင့်အား ဩစတြေးလျနိုင်ငံတွင် အကာအကွယ်ပေးမှု ဗီဇာတစ်ခုကို လျှောက်ရန် ဝန်ကြီးကခွင့်ပြုခဲ့လျှင် သင်သည် မြန်ဆန်လမ်းကြောင်းအရ လျှောက်ထားသူ (Fast Track Applicant) တစ်ဦးဖြစ်သည်။ သင်သည် အကယ်၍ ဝန်ကြီးက သတ်မှတ်ထားသည့် လူအတန်းအစားတွင်ပါဝင်လျှင် မြန်ဆန်လမ်းကြောင်းအရ လျှောက်ထားသူ (Fast Track Applicant) တစ်ဦးလည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

အချို့သော မြန်ဆန်လမ်းကြောင်းအရ လျှောက်ထားသူများ (Fast Track Applicants) သည် IAA ကသုံးသပ်မှုတစ်ခုကို ကြားနာပေးရန် ရပိုင်ခွင့် မရှိပါ။ အကယ်၍ သင် အကာအကွယ်ပေးမှု ဗီဇာ တစ်ခုကို ငြင်းပယ်ခံရလျှင် IAA ကြားနာပေးသည့် သုံးသပ်မှု တစ်ခုကို သင် ရပိုင်ခွင့် ရှိမရှိ ပြည်ထဲရေးဌာန (ဌာန) (Department of Home Affairs) က သင့်အားပြောပါလိမ့်မည်။

IAA သည် မြန်ဆန်လမ်းကြောင်းအရ လျှောက်ထားသူများ (Fast Track Applicants) ထံမှ ပြန်လည်သုံးသပ်မှုလျှောက်လွှာများကို တိုက်ရိုက် လက်မခံပါ။ အကယ်၍သင်သည် မြန်ဆန်လမ်းကြောင်းအရ လျှောက်ထားသူ (Fast Track Applicant) တစ်ဦးဖြစ်ပြီး အကာအကွယ်ပေးမှု ဗီဇာ တစ်ခုကို ငြင်းပယ်ခံရ၍ ပြန်လည်သုံးသပ်မှုတစ်ခုကို ရပိုင်ခွင့်ရှိလျှင် ဌာနသည် အလိုအလျောက် ပြန်လည်သုံးသပ်မှု တစ်ခု လုပ်ပေးရန် အတွက် ကျွန်ုပ်တို့ထံသို့ သင့်အမှုကို လွှဲပေးပါမည်။

## IAA သည် မည်သည့်ဆုံးဖြတ်ချက် အမျိုးအစားများကို ချမှတ်နိုင်သနည်း။

IAA သည် ဆုံးဖြတ်ချက် အမျိုးအစား နှစ်မျိုးကို ချမှတ်နိုင်သည်။ အကာအကွယ်ပေးမှု ဗီဇာကို ခွင့်မပြုရန် ချမှတ်သည့်ဌာန၏ ဆုံးဖြတ်ချက်ကို ကျွန်ုပ်တို့အနေဖြင့် သဘောတူနိုင်သည် သို့မဟုတ် ကျွန်ုပ်တို့သည် ထပ်ဆင့်စဉ်းစားပေးရန်အတွက် အမှုကို ဌာနသို့ ပြန်ပို့နိုင်သည်၊ ဥပမာ– သင် ဒုက္ခသည် ဖြစ်ကြောင်း ကျွန်ုပ်တို့တွေ့ရှိသည်။ IAA တွင် အကာအကွယ်ပေးမှု ဗီဇာများကို ခွင့်ပြုရန် အာဏာ မရှိပါ။

ကျွန်ုပ်တို့သည် ဌာနက ငြင်းပယ်သည့်ဆုံးဖြတ်ချက် ချမှတ်စဉ်အချိန်၌ ဌာနရှေ့မှောက်တွင် ရှိနေသည့် သတင်းအချက်အလက်များကိုသာလျှင် ကျွန်ုပ်တို့ ထည့်သွင်းစဉ်းစားသည်၊ ကန့်သတ်ထားသည့် အခြေအနေများ၌ အချက်အလက် အသစ်တို့ကို စဉ်းစားပေးနိုင်သည်မှ တစ်ပါးဖြစ်သည်။

အကယ်၍ သင့်အမှုကို ဌာနက IAA သို့လွှဲလိုက်လျှင် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်နှင့် ဆုံးဖြတ်ချက်အတွက် အကြောင်းပြချက်များကို သင့်အား အကြောင်းကြားရန် သင့်ထံသို့ တိုက်ရိုက် စာပို့ပါလိမ့်မည်။

အကာအကွယ်ပေးမှုအတွက် သတ်မှတ်ချက်များမှာ အက်ဥပဒေတွင်ပါရှိသည်။ အမှုကိစ္စ အများစုတွင် အဓိကမှာ သင် ဒုက္ခသည် တစ်ဦး ဖြစ်သည် မဖြစ်သည် သို့မဟုတ် အခြားတစ်နည်းအားဖြင့် ဩစတြေးလျနိုင်ငံမှ အခြားတစ်နိုင်ငံသို့ သင့်အား ဖယ်ရှားလိုက်လျှင် သင့်အနေဖြင့် သိသာထင်ရှားသည့် ထိခိုက်မှုကို ခံစားရမည့် အမှန်တကယ် အန္တရာယ် ရှိမရှိ တို့ဖြစ်သည်။

အကယ်၍ အခြားမိသားစုဝင်များကို သင့် ဗီဇာ လျှောက်လွှာတွင် ထည့်သွင်းထားလျှင် ကျွန်ုပ်တို့ သင့်အမှုနှင့် အတူတကွ ကိုင်တွယ်ပါလိမ့်မည်။

## ပြန်လည်သုံးသပ်မှုသည် မည်မျှအချိန်ကြာမည်နည်း။

တစ်မှုချင်းမှာ ကွဲပြားခြားနားသည့်အလျောက် မည်မျှကြာမည်ကိုပြောရန် ခက်ခဲပါသည်။ IAA သည် ပြန်လည်သုံးသပ်မှု အများစုကို

ခြောက်ပတ်အတွင်း ပြီးဆုံးအောင် ရည်မှန်းထားသည်၊ သို့သော် သုံးသပ်မှု၏ တာရှည်မှုမှာ အကြောင်းရင်းအမျိုးမျိုးပေါ် မူတည်နိုင်သည်။

**ကျွန်ုပ် အမှုနှင့်ပတ်သက်၍ IAA တွင် မည်သည့် အချက်အလက်များ ရှိပါသလဲ။**

ဌာနသည် သင့်အမှုနှင့် သက်ဆိုင်သည်ဟု ဌာနက စဉ်းစားထားသည့် စာရွက်စာတမ်း အားလုံးကို IAA သို့ပေးအပ်ပါလိမ့်မည်။ ၎င်းတွင် အကာအကွယ်ပေးမှု ဗီဇာလျှောက်လွှာနှင့်ဆက်နွယ်သည့် ဌာနသို့ သင် ပေးအပ်ခဲ့သော မည်သည့်စာရွက်စာတမ်းများမဆို ပါဝင်သည်။ ယေဘုယျအားဖြင့် ကျွန်ုပ်တို့သည် ဌာနကပေးအပ်ထားသည့် အချက်အလက်များကိုသာလျှင် အခြေခံ၍ ဌာန၏ဆုံးဖြတ်ချက်ကို ပြန်လည် သုံးသပ်ပေးပါလိမ့်မည်။

**ကျွန်ုပ် အချက်အလက် အသစ်များကို IAA သို့ တင်ပြနိုင်ပါသလား။**

ကျွန်ုပ်တို့ အချက်အလက်အသစ်ကို စဉ်းစားရန် တရားမျှတသည့် ခြွင်းချက်ပြုရမည့်အခြေအနေများရှိမှသာလျှင် အချက်အလက် အသစ်ကို စဉ်းစားနိုင်သည်။ အချက်အလက်အသစ်ဆိုသည်မှာ သက်ဆိုင်သည့်အချက်အလက်များဖြစ်ပြီး ၎င်းတို့မှာ ဌာနရှေ့မှောက်၌ ဌာနက ဆုံးဖြတ်ချက် ချမှတ်ခဲ့ချိန်တွင် မရှိခဲ့သော အချက်အလက်များဖြစ်သည်။

အကယ်၍ ကျွန်ုပ်တို့က အချက်အလက်အသစ်များကို ထည့်သွင်းစဉ်းစားပေးရန် သင့်အနေဖြင့် လိုလားလျှင် သင်သည် အောက်ပါတို့အတွက် ရှင်းလင်းချက်ကိုလည်း တင်ပြရမည်–

- သင့် အကာအကွယ်ပေးမှု ဗီဇာကို ငြင်းပယ်ရန် ဌာနက ဆုံးဖြတ်ချက်ချမှတ်ခြင်း မပြုမီ အချက်အလက်များကို အဘယ်ကြောင့် ဌာနသို့ မတင်ပြနိုင်ခဲ့ကြောင်း၊ သို့မဟုတ်
- အဘယ်ကြောင့် အချက်အလက်မှာ ယုံကြည်ရသည့် ကိုယ်ရေးကိုယ်တာ အချက်အလက်ဖြစ်ကြောင်း၊ အချက်အလက်ကို ဌာနက သိရှိခဲ့လျှင် ဌာန၏ဆုံးဖြတ်ချက်ကို သက်ရောက်ပြောင်းလဲနိုင်မည်ဖြစ်သည်။

ဤရှင်းလင်းချက်မှာ စာမျက်နှာအရေအတွက် 5 မျက်နှာထက် မကျော်လွန်သင့်ဘဲ သင် ကျွန်ုပ်တို့အား တင်ပြပေးမည့် မည်သည့်အချက်အလက် အသစ်ကိုမဆို ပူးတွဲပေးရလိမ့်မည်။

ကျေးဇူးပြု၍ မှတ်သားရန်–

- အချက်အလက်အသစ်မှာ အဘယ်ကြောင့် သင့် အမှုနှင့်သက်ဆိုင်ကြောင်းကိုလည်း သင် ရှင်းပြရမည်။
- သင့် နိုင်ငံအကြောင်း မီဒီယာ သတင်းအစီအရင်ခံစာများ သို့မဟုတ် အစီရင်ခံစာများကို အကယ်၍ သင် ရည်ညွှန်းလျှင် သင်သည် အဆိုပါ အစီရင်ခံစာ ရရာဇစ်မြစ်ကို ဖော်ပြရမည်။
- သင်သည် အဆိုပါ အစီရင်ခံစာ မိတ္တူတစ်စောင် သို့မဟုတ် သက်ဆိုင်သည့် ထုတ်နုတ်ချက်မိတ္တူတစ်စောင်ကိုလည်း ကျွန်ုပ်တို့အား တင်ပြရမည်။ အများပြည်သူအားဖြင့်ရယူနိုင်သည့် အစီအရင်ခံစာ စာရင်းများ သို့မဟုတ် အများပြည်သူအားဖြင့်ရယူနိုင်သည့် အစီအရင်ခံစာ ဟိုင်ပါလင့်များ (hyperlinks) ကို ကျွန်ုပ်တို့ လက်ခံမည် မဟုတ်ပါ။
- သင် ကျွန်ုပ်တို့ထံပို့မည့် အင်္ဂလိပ်စာဖြင့်မဟုတ်သော မည်သည့်စာရွက်စာတမ်းကိုမဆို NAATI အောင်လက်မှတ်ရ ဘာသာပြန်ဆိုသူက ပြန်ဆိုသည့် အင်္ဂလိပ်ဘာသာပြန် ပူးတွဲပါရှိရလိမ့်မည်။ အကယ်၍ ဘာသာပြန်ကို မပူးတွဲထားလျှင် ကျွန့်ုပ်တို့သည် အဆိုပါ စာရွက်စာတမ်းကို စဉ်းစားနိုင်မည် မဟုတ်ပါ။

ကျွန်ုပ်တို့ မတောင်းဆိုခဲ့သည့် အချက်အလက်အသစ် တစ်ခုခုကို သင့် အမှုအား ကျွန်ုပ်တို့ထံသို့ ဌာနကလွှဲပို့သည့်နေ့ရက်မှ 21 ရက် အတွင်း ကျွန်ုပ်တို့အား တင်ပြရမည်။

အလွန့်အလွန် အကန့်အသတ်ဖြစ်သော အခြေအနေများတွင် ကျွန်ုပ်တို့သည် သင့် အမှုနှင့်ပတ်သက်သည့် အချက်အလက် အသစ် သို့မဟုတ် ဝေဖန်ချက် အသစ်များကို စာဖြင့်ရေးသား၍ ကျွန်ုပ်တို့အား ပေးအပ်ရန် သို့မဟုတ် လူတွေ့ အင်တာဗျူးတွင် ကျွန်ုပ်တို့အား ပေးအပ်ရန် သင့်အား ကျွန်ုပ်တို့ ဖိတ်ခေါ်ကောင်း ဖိတ်ခေါ်နိုင်သည်။

**ကျွန်ုပ်သည် IAA သို့ တင်သွင်းလွှာ တစ်ခုကို တင်သွင်းနိုင်ပါသလား။**

သင်သည် အောက်ပါကိစ္စနှင့်ပတ်သက်၍ စာဖြင့်ရေးသားထားသည့် တင်သွင်းလွှာ တစ်စောင်ကို တင်သွင်းနိုင်သည်–

- ဌာန၏ ဆုံးဖြတ်ချက်ကို သင် အဘယ်ကြောင့် သဘော မတူကြောင်း၊ နှင့်

- ဌာနက ထည့်သွင်းမစဉ်းစားခဲ့သော သင် တင်ပြခဲ့သည့် တောင်းဆိုတင်ပြချက် တစ်ခုခု သို့မဟုတ် ကိစ္စတစ်ခုခု သင့် တင်သွင်းလွှာသည် လိုရင်းတိုရှင်းဖြစ်ရမည်။ ၎င်းတင်သွင်းလွှာသည် စာမျက်နှာ အရေအတွက 5 မျက်နှာထက် မကျော်လွန်စေသင့်ဘဲ သင့် အမှုကို ကျွန်ုပ်တို့ထံသို့ ဌာနက လွှဲပို့သည့်နေ့ရက်မှ 21 ရက် အတွင်း တင်သွင်းရလိမ့်မည်။

**IAA ကိုင်တွယ်ထားသည့် အချက်အလက်များကို ကျွန်ုပ် ရယူနိုင်ပါသလား။**

သင်သည် တားမြစ်ချက် အချို့မှလွဲ၍ သင့်အမှုနှင့် စပ်ဆိုင်သည့် IAA ကိုင်တွယ်ထားသော မည်သည့် စာရွက်စာတမ်းကိုမဆို အချက်အလက် လွတ်လပ်ခွင့်ရှိရေး အက်ဥပဒေ ၁၉၈၂ [Freedom of Information Act 1982] အရ ရယူရန် တောင်းဆိုနိုင်သည်။ အကယ်၍ ကျွန်ုပ်တို့ အချို့အချက်အလက်ကို မထုတ်ဖော်ပေးနိုင်လျှင် မည်သည့်အတွက်ဖြစ်ကြောင်း ကျွန်ုပ်တို့ သင့်အား အသိပေးပါလိမ့်မည်။ စာရွက်စာတမ်း တစ်ခုခုကို သင် ရယူရန် ခွင့်မပြုသည့် ကျွန်ုပ်တို့၏ ဆုံးဖြတ်ချက်ကို သင် မည်ကဲ့သို့ ပြန်လည်သုံးသပ်မှု ဖွင့်နိုင်ကြောင်း ကျွန်ုပ်တို့ သင့်အား အကြောင်းကြားပါလိမ့်မည်။ အချက်အလက် ရယူရေးနှင့် စပ်လျဉ်းသည့် ထပ်ဆင့်အသေးစိတ်အချက်များကို ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် www.iaa.gov.au. တွင် ရရှိနိုင်ပါသည်။

**IAA သည် ကျွန်ုပ်နှင့် မည်သို့ ဆက်သွယ်မည်နည်း။**

IAA သည် သာမန်အားဖြင့် သင်နှင့် အီးမေးလ်ဖြင့် ဆက်သွယ်ပါလိမ့်မည်။ ကျွန်ုပ်တို့ သင့်အား တယ်လီဖုန်းဖြင့်လည်း ဆက်သွယ်ကောင်း ဆက်သွယ်နိုင်သည်။

သင်ကိုယ်တိုင်သို့ စာပို့စေရန် သင် ရွေးချယ်နိုင်သည် သို့မဟုတ် သင့်ကိုယ်စား စာကိုလက်ခံရန် လူတစ်ဦးအား သင် ခန့်အပ်နိုင်သည် (၎င်းလူကို သင်၏ အခွင့်အာဏာလွှဲအပ်ခံရသော လက်ခံရယူသူ ဟုသိကြသည်)။ အကယ်၍ သင် အခွင့်အာဏာလွှဲအပ်ခံရသော လက်ခံရယူသူ တစ်ဦးကို ခန့်အပ်လျှင် စာအားလုံးကို အဆိုပါလူထံ ကျွန်ုပ်တို့ ပို့လိမ့်မည်။

အကယ်၍ သင် ဌာနမှ စာကိုလက်ခံရန် နောက်ထပ်လူတစ်ဦးကို ခန့်အပ်ထားလျှင် ၎င်းခန့်အပ်မှုသည် IAA သုံးသပ်မှုနှင့် မသက်ဆိုင်ပါ။ အကယ်၍ သင် သင့်ကိုယ်စား ကျွန်ုပ်တို့ထံမှ စာကိုလက်ခံရယူရန် နောက်ထပ်လူတစ်ဦးကို လိုလားလျှင် ၎င်းလူ၏ အမည်နှင့် ဆက်သွယ်ရမည့် အသေးစိတ်အချက်ဖြစ်သည့် လိပ်စာ ဖုန်းနံပါတ်ကို ကျွန်ုပ်တို့အား အကြောင်းကြားပေးရန် သင် လိုလိမ့်မည်။

အကယ်၍ သင့် ဆက်သွယ်ရမည့် အသေးစိတ်အချက်များနှင့် သင့် အခွင့်အာဏာလွှဲအပ်ခံရသော လက်ခံရယူသူ၏ ဆက်သွယ်ရမည့် အသေးစိတ် အချက်အလက်များ ပြောင်းလဲမှု တစ်ခုခု ရှိလျှင် သင် ချက်ချင်း ကျွန်ုပ်တို့အား အသိပေးရန် လိုလိမ့်မည်။ ပြောင်းလဲမှု တစ်ခုခုကို သင် သင့်အခွင့်အာဏာလွှဲအပ်ခံရသော လက်ခံရယူသူ (အကယ်၍ သင့်တွင် ရှိလျှင်) နှင့် ဌာနအားလည်း အကြောင်းကြားရလိမ့်မည်။

သင် ကျွန်ုပ်တို့အား အီးမေးလ် iaa@iaa.gov.au ဖြင့်ဖြစ်စေ သို့မဟုတ် ဖုန်း 1800 205 919 ဖြင့်ဖြစ်စေ ဆက်သွယ်နိုင်သည်။

**အကြံဉာဏ်၊ အကူအညီနှင့် ကိုယ်စားဆောင်ရွက်ပေးမှု**

IAA ၏လုပ်ထုံးလုပ်နည်းသည် ရိုးရိုးရှင်းရှင်း ပုံဖော်ထားသောကြောင့် ရလဒ်အဖြေများမှာ သင် အတတ်ပညာရှင်ဆိုင်ရာ အကြံဉာဏ် သို့မဟုတ် အကူအညီ လက်ခံရယူခဲ့သည် မရယူခဲ့သည်တို့ အပေါ် မူတည်မည် မဟုတ်ပါ။ သို့သော် သင့်အနေဖြင့် အဖွဲ့အစည်း အမျိုးမျိုးနှင့် လူပုဂ္ဂိုလ် အမျိုးမျိုးတို့ထံမှ အကြံဉာဏ်နှင့် အကူအညီကို ရှာဖွေနိုင်သည်။ ကျွန်ုပ်တို့အနေဖြင့် မည်သည့် အကြံပေးအဖွဲ့အစည်းကိုမျှ မထောက်ခံပါ သို့မဟုတ် အကြံမပြုပါ။ သင်သည် တစ်စုံတစ်ယောက်ကို ရွေးချယ်သည့်အခါ သတိထားရလိမ့်မည် ၎င်းပြင် ၎င်းသူတို့မှာ မှတ်ပုံတင်ထားသည့် လူဝင်မှု ကိုယ်စားလှယ် (Migration Agent)၊ ဩစတြေးလျန်း ရှေ့နေ သို့မဟုတ် သင့်အား တရားဝင် ကူညီပေးနိုင်သူ ဖြစ်မဖြစ် အတည်ပြုရန် သူတို့အား မေးမြန်းရလိမ့်မည်။

လူဝင်မှု ကိုယ်စားလှယ် မှတ်ပုံတင်ရေး အာဏာပိုင် (Migration Agent Registration Authority) ရုံး ဝက်ဘ်ဆိုက်(www.mara.gov.au) တွင် လူဝင်မှု ကိုယ်စားလှယ် (Migration Agent) ကိုရှာဖွေပုံနှင့် အသုံးပြုပုံတို့နှင့်စပ်လျဉ်းသည့် အချက်အလက်များ ပါရှိပါသည်၊ ဘာသာစကား မျိုးစုံဖြင့်ရေးသားထားသည့် အချက်အလက်များ အပါအဝင် ဖြစ်ပါသည်။ ဝက်ဘ်ဆိုက်တွင် သီးခြား လူဝင်မှု ကိုယ်စားလှယ် (Migration Agent) တစ်ဦးမှာ မှတ်ပုံတင်ထားခြင်း ရှိမရှိကိုလည်း သင် စစ်ဆေးနိုင်သည်။

ဩစတြေးလျန်း ရှေ့နေ တစ်ဦး ရှာဖွေခြင်းနှင့် အသုံးပြုခြင်းဆိုင်ရာ သတင်းအချက်အလက်များကို သက်ဆိုင်ရာ ပြည်နယ်နှ၍့် အုပ်ချုပ်ခံနယ်မြေ ဥပဒေ အတတ်ပညာရှင် စည်းမျဉ်းကြီးကြပ်ရေး အာဏာပိုင်များကို ဖော်ပြထားသည့် ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် (www.iaa.gov.au) တွင် ရရှိနိုင်ပါသည်။

IAA နှင့် သင့်ဆက်သွယ်ကိုယ်တွယ်မှုကို အခြားလူတစ်ဦးက သင့်အား ကိုယ်စားဆောင်ရွက်ပေးနိုင်သည်။ ကိုယ်စားလှယ်တစ်ဦးသည် သင့်ကိုယ်စား ကျွန်ုပ်တို့အား ဆက်သွယ်နိုင်ပြီး သင့် အမှုနှင့်စပ်လျဉ်းသည့် ကျွန်ုပ်တို့ ကိုင်တွယ်ထားသော စာရွက်စာတမ်းများကို ရယူရန် တောင်းဆိုနိုင်သည်။ သာမန်အားဖြင့် လူတစ်ဦးကို ကိုယ်စားလှယ် နှင့် အခွင့်အာဏာလွှဲအပ်ခံရသော လက်ခံရယူသူ နှစ်မျိုးလုံး အတွက် ခန့်အပ်ကြပါသည်။ အကယ်၍ သင့်တွင် ကိုယ်စားလှယ်တစ်ဦးရှိလျှင် သင် ကျွန်ုပ်တို့အား ချက်ချင်း ပြောပြသင့်သည်။

**အကယ်၍ ကျွန်ုပ်တွင် မကျေနပ်ချက် တစ်ခုရှိလျှင် ဘာဖြစ်မည်နည်း။**

အကယ်၍ သင့်တွင် IAA ကဝန်ဆောင်မှုဖြန့်ချိပေးသော အဆင့်အတန်းနှင့်ပတ်သက်သည့် ဝေဖန်ချက် သို့မဟုတ် မကျေနပ်ချက် တစ်ခု ရှိလျှင် မကျေနပ်ချက် တစ်ခုကို မည်သို့တင်သွင်းရန် ညွှန်ကြားချက်များအတွက် ကျေးဇူးပြု၍ ကျွန်ုပ်တို့၏ ဝက်ဘ်ဆိုက် (www.iaa.gov.au) ကိုကြည့်ရှုပါ။